## ရည်ရွယ်ချက်

- ❖ လက်ကိုင်ဖုန်း(Handset)များနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းရငွေ/ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံခြင်း လုပ်ငန်းစဉ်အား ရှင်းလင်းစွာသိရှိနိုင်ရန် ရည်ရွယ်ပါသည်။

## လုပ်ငန်းတာဝန်

- ❖ လက်ကိုင်ဖုန်း(Handset)နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူ/ဝန်ဆောင်မှုရယူသူများအနေဖြင့် အဆိုပါပစ္စည်းများ ဝယ်ယူခြင်း/ဝန်ဆောင်မှုရယူခြင်းအတွက် ကျသင့်သော စုစုပေါင်းတန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရမည်ဖြစ်ပါသည်။

## လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

- ❖ လက်ကိုင်ဖုန်း(Handset)နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်းရောင်းချခြင်း၊ ပြည်တွင်း၌ ဝယ်ယူရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်း စသည်တို့ဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်-
  - ➢ လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း၊
  - ➢ အခွန်အမှတ်တံဆိပ်မှာကြားခြင်းနှင့် ထုတ်ယူခြင်း၊
  - ➢ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း၊
  - ➢ လစဉ်အခွန်ပေးသွင်းခြင်း၊
  - ➢ ကြေညာလွှာတင်သွင်းခြင်း။

## လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း

- ❖ လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့်အညီ အခွန်ထမ်းမှတ်ပုံတင်ခွင့်ပြုရန် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် သတ်မှတ်ပုံစံဖြင့် နှစ်စဉ်လျှောက်ထားပြီး လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ထုတ်ယူရပါမည်။
- ❖ ထိုသို့မှတ်ပုံတင်ခြင်းကို လုပ်ငန်းမစတင်မီ **တစ်လ** သို့မဟုတ် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ **တစ်လ** ကြိုတင်၍ ဆောင်ရွက်ရပါမည်။

## အခွန်အမှတ်တံဆိပ် သတ်မှတ်ချက်

- ❖ လက်ကိုင်ဖုန်း(Handset)များအပေါ်တွင် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်နှင့် လက်ကိုင်ဖုန်းဆက်စပ်ပစ္စည်းများရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းများအတွက် အရောင်းပြေစာအပေါ်တွင် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်များသည် QR Code ပါရှိသော အခွန်အမှတ်တံဆိပ်များဖြစ်ပြီး တစ်ဖက်ပါအတိုင်း အမျိုးအစား (၇) မျိုး သတ်မှတ်ထားပါသည်။




- ➢ 50 Kyats
- ➢ 100 Kyats
- ➢ 200 Kyats
- ➢ 500 Kyats
- ➢ 1000 Kyats
- ➢ 5000 Kyats
- ➢ 10000 Kyats

## အခွန်အမှတ်တံဆိပ်မှာကြားခြင်းနှင့် ထုတ်ယူခြင်း

- ❖ လုပ်ငန်းရှင်များအနေဖြင့် အခွန်အမှတ်တံဆိပ်မှာကြားရာတွင် သုံးလပတ်အတွင်း မိမိတို့ ပြန်လည်ရောင်းချမည့် ရောင်းဈေးအပေါ် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို ခန့်မှန်းလျက် လိုအပ်မည့် အခွန်အမှတ်တံဆိပ်အမျိုးအစားနှင့် အရေအတွက်အား မိမိတို့ အခွန်စည်းကြပ်မှုခံယူလျက်ရှိသည့် အခွန်ရုံးများတွင် လျှောက်ထားမှာကြားရပါမည်။
- ❖ ပထမဆုံးအကြိမ် ထုတ်ယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ပေးသွင်းရန် မလိုအပ်ပါ။
- ❖ ဒုတိယအကြိမ်မှစ၍ အခွန်အမှတ်တံဆိပ်များ လာရောက်ထုတ်ယူသည့်အခါ ရှေ့အကြိမ်ထုတ်ယူခဲ့သည့် အခွန်အမှတ်တံဆိပ်များအနက် အသုံးပြုပြီး အခွန်အမှတ်တံဆိပ်များအတွက် ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ လစဉ်ပေးသွင်းခဲ့သည့် အထောက်အထား ငွေသွင်းချလန်များ ပြည့်စုံစွာ တင်ပြနိုင်မှသာ အခွန်အမှတ်တံဆိပ်များအား ထုတ်ပေးသွားမည် ဖြစ်ပါသည်။
- ❖ အခွန်ခုနှိမ်ပေးသွင်းခြင်းဖြစ်ပါက ခုနှိမ်ခွင့်နှင့်သက်ဆိုင်သည့်ပုံစံများ တင်ပြရပါမည်။

## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း

- ❖ လက်ကိုင်ဖုန်း(Handset)များအား ပြည်ပမှတင်သွင်းရောင်းချခြင်းဖြစ်ပါက အကောက်ခွန်ဆိုင်ရာရှင်းလင်းဆောင်ရွက်ပြီးသည်နှင့်တစ်ပြိုင်တည်း လက်ကိုင်ဖုန်း(Handset)၏ လက်လီရောင်းဈေးအပေါ် ကျသင့်မည့်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်များအား Handset ဘူးခွံပေါ်တွင် လက်ကိုင်ဖုန်းကို ထုတ်ယူလိုက်သည့်အခါ စုတ်ပြဲသွားမည့်နေရာမျိုးတွင် အပြည့်အဝကပ်နှိပ်ရပါမည်။
- ❖ အသုံးပြုပြီးဖြစ်သည့် လက်ကိုင်ဖုန်းအဟောင်း(Second Hand)များရောင်းချခြင်းဖြစ်ပါက လက်ကိုင်ဖုန်း(Handset)၏ နောက်ကျောဘက်တွင် ကပ်နှိပ်ရပါမည်။
- ❖ ဆက်စပ်ပစ္စည်းရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းများဖြစ်ပါက အရောင်းပြေစာအပေါ်တွင် ကပ်နှိပ်ရပါမည်။
- ❖ တန်ဖိုးနည်း အခွန်အမှတ်တံဆိပ်အရေအတွက် များပြားစွာကပ်နှိပ်ခြင်း၊ QR Code ဖတ်၍မရစေရန် အခွန်အမှတ်တံဆိပ်များ တစ်ခုနှင့်တစ်ခုထပ်၍ စုပြုံကပ်နှိပ်ခြင်း၊ QR Code ပါရှိသော အခွန်အမှတ်တံဆိပ်အပေါ်တွင် QR Code မပါသော အခွန်အမှတ်တံဆိပ်အား အုပ်၍ ကပ်နှိပ်ခြင်းများ မပြုရပါ။
- ❖ ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ် နည်းပါးစေရန်အတွက် ကျသင့်အခွန်နှင့် အနီးစပ်ဆုံးတန်ဖိုးနှင့်တူညီသည့် တန်ဖိုးကြီးအခွန်အမှတ်တံဆိပ်များကို ရွေးချယ်၍ စွဲမြဲစွာ ကပ်နှိပ်ရပါမည်။
- ❖ လက်ကိုင်ဖုန်း(Handset)များအပေါ်တွင် ကပ်နှိပ်သည့် အခွန်အမှတ်တံဆိပ်များအပေါ်ရှိ QR Code အမှတ်အသားများအား QR Scanner ဖြင့် ဖတ်ရှုပါက Handset အမှတ်တံဆိပ်၊ ဆက်စပ်ပစ္စည်းနှင့်ဝန်ဆောင်မှု အမှတ်တံဆိပ်များအား ကွဲပြားစွာဖော်ပြမည်ဖြစ်သဖြင့် Handset နှင့်သက်ဆိုင်သည့် အခွန်အမှတ်တံဆိပ်များကိုသာ ကပ်နှိပ်အသုံးပြုသွားရန် ဖြစ်ပါသည်။
- ❖ အခွန်အမှတ်တံဆိပ်များအပေါ်တွင် အသုံးပြုပြီးဖြစ်ကြောင်း ball pen ဖြင့်သာ ကန့်လန့်ဖြတ်ခြစ်၍ အမှတ်အသားပြု ဆောင်ရွက်ရပါမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် QR Code ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရပါမည်။
- ❖ ဆိုင်ရာအခွန်ရုံးမှ သတ်မှတ်ထုတ်ပေးသည့် Code နံပါတ်အလိုက် မိမိလုပ်ငန်းနှင့် သက်ဆိုင်သော အခွန်အမှတ်တံဆိပ်များကိုသာ ကပ်နှိပ်ရန် ဖြစ်ပါသည်။

## ကြေညာလွှာတင်သွင်းခြင်း

- ❖ သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး **တစ်လအတွင်း**၊
- ❖ နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီး **သုံးလအတွင်း** သက်ဆိုင်ရာအခွန်ရုံးတွင် တင်သွင်းရပါမည်။

## အခွန်ပေးသွင်းခြင်း

- ❖ တစ်လအတွင်း ရောင်းချခဲ့သည့် လက်ကိုင်ဖုန်း(Handset)အသစ်နှင့် အဟောင်းများအပေါ် ကိုယ်တိုင်ကပ်နှိပ်ခဲ့သည့် အခွန်အမှတ်တံဆိပ်နှင့် ညီမျှသော ကုန်သွယ်လုပ်ငန်းခွန်ကို ရောင်းချသည့် လကုန်ဆုံးပြီး (၁၀)ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးတွင် ပေးသွင်းရပါမည်။
- ❖ တင်သွင်းရောင်းချခြင်းဖြစ်ပါက တစ်လအတွင်း ဖြန့်ချိ/ရောင်းချခဲ့သည့် လက်ကိုင်ဖုန်း(Handset)များအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ မူလတင်သွင်းစဉ်က အကောက်ခွန်ဦးစီးဌာနတွင် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပြီး ရောင်းချသည့် လကုန်ဆုံးပြီး (၁၀)ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးတွင် ပေးသွင်းရပါသည်။
- ❖ ပျက်စီးသွားသောကုန်စည်များနှင့် ရောင်းချခြင်းမပြုရသေးသည့် ကုန်စည်များအတွက် ခုနှိမ်ခွင့်မရှိပါ။
- ❖ လက်ကိုင်ဖုန်း(Handset)များနှင့် ဆက်စပ်ပစ္စည်းရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အပေါ် ကပ်နှိပ်ထားသော အခွန်အမှတ်တံဆိပ်တန်ဖိုးများအား ရောင်းချသည့်လ၏ တစ်ဆက်တည်း နောက်လ (၁၀)ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး တစ်နှစ်အတွင်း စုစုပေါင်းရငွေ ကျပ်သိန်း ၅၀၀ မကျော်လွန်သည့် အခြေအနေမျိုးတွင် ပေးသွင်းထားသော လစဉ်ကျသင့်ကုန်သွယ်လုပ်ငန်းခွန်အား ပြန်အမ်းငွေတောင်းခံခွင့် မရှိသကဲ့သို့ စရိတ်အဖြစ်လည်း နုတ်ပယ်(ခုနှိမ်)ခွင့်ရှိမည် မဟုတ်ပါ။

## ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

❖ **လက်ကိုင်ဖုန်း(Handset)များအပေါ်တွင်** အောက်ပါပျက်ကွက်မှုများ စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀% ကို ဒဏ်ကြေးငွေတပ်ရိုက်ခြင်းခံရမည့်အပြင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေတို့အရ အရေးယူဆောင်ရွက်ခြင်း ခံရမည်-

- ➢ သတ်မှတ်အခွန်အမှတ်တံဆိပ်များအား ကပ်နှိပ်ထားမှုမရှိခြင်း၊
- ➢ သတ်မှတ်အခွန်အမှတ်တံဆိပ်အား တန်ဖိုးလျော့နည်း ကပ်နှိပ်ထားခြင်း၊
- ➢ QR Code ဖတ်၍မရစေရန် ကပ်နှိပ်ထားခြင်း/ ပယ်ဖျက်ထားခြင်း။

❖ **လက်ကိုင်ဖုန်းဆက်စပ်ပစ္စည်းများ ရောင်းချ/ ဝန်ဆောင်မှုဆောင်ရွက်ရာတွင်** အောက်ပါပျက်ကွက်မှုများတွေ့ရှိပါက ဒဏ်ကြေးငွေတပ်ရိုက်ခြင်း ခံရမည်-

- ➢ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်မပေးခြင်း၊
- ➢ ပြေစာအားထုတ်ပေးသော်လည်း ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့် ညီမျှသော တန်ဖိုးအတိုင်း သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်မပေးခြင်း၊
- ➢ QR Code ဖတ်၍မရစေရန် ကပ်နှိပ်ထားခြင်း/ ပယ်ဖျက်ထားခြင်း။
- ➢ ယင်းသို့ အရောင်းပြေစာနှင့်စပ်လျဉ်းသည့် ပျက်ကွက်ခြင်းများအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀% ကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရပါမည်-
  - ▪ ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊
  - ▪ ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်၂၀ သိန်း၊
  - ▪ တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊
  - ▪ တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၆၀ သိန်း။



## သတင်းပေးတိုင်ကြားနိုင်ခြင်း

❖ လက်ကိုင်ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူသူ/ဝန်ဆောင်မှုရယူသူ မိဘပြည်သူများအနေဖြင့် အောက်ပါပျက်ကွက်ခြင်းများ တွေ့ရှိပါက နီးစပ်ရာအခွန်ရုံးများသို့ သတင်းပေးတိုင်ကြားခြင်းဖြင့် ဆုကြေးငွေထုတ်ယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- ➢ လက်ကိုင်ဖုန်းအသစ်(Handset)ဘူးခွံအပေါ်နှင့် လက်ကိုင်ဖုန်းအဟောင်း၏ နောက်ကျောဘက်တွင် သတ်မှတ်အခွန်အမှတ်တံဆိပ်များအား ကပ်နှိပ်ထားမှုမရှိခြင်း/ လျော့နည်းကပ်နှိပ်ထားခြင်း/ မှားယွင်းကပ်နှိပ်ထားခြင်း၊
- ➢ ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်း/ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားမှု မရှိသော ပြေစာများထုတ်ပေးခြင်း/ ကျသင့်အခွန်နှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှုမရှိသော ပြေစာများ ထုတ်ပေးခြင်း။

## သတင်းပေးသူကိုဆုချီးမြှင့်ခြင်း

❖ **လက်ကိုင်ဖုန်း(Handset)များအပေါ်တွင်** သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် ပျက်ကွက်မှုများအား ဖော်ထုတ်ရရှိပါက အောက်ပါအတိုင်း ဆုကြေးငွေ ချီးမြှင့်ခြင်းခံရမည်-

- ➢ သတင်းပေးတင်ပြသူက အထောက်အထားဖြင့် သတင်းပေးတင်ပြလာ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက -
  - ▪ **သတင်းပေးတင်ပြသူ ⟹ တပ်ရိုက်သည့်ဒဏ်ကြေးငွေ၏၂၀% နှင့်**
  - ▪ **မြို့နယ်အခွန်ဦးစီးဌာနမှူး ⟹ တပ်ရိုက်သည့်ဒဏ်ကြေးငွေ၏ ၁၀%**
- ➢ မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက -
  - ▪ **မြို့နယ်အခွန်ဦးစီးဌာနမှူး ⟹ တပ်ရိုက်သည့်ဒဏ်ကြေးငွေ၏ ၃၀%**

❖ **လက်ကိုင်ဖုန်းဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှုဆောင်ရွက်ခြင်းအတွက် ပြေစာပေါ်တွင်** သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်ပျက်ကွက်မှုများအားဖော်ထုတ်ရရှိပါက အောက်ပါအတိုင်း ဆုကြေးငွေချီးမြှင့်ခြင်းခံရမည်-

- ➢ သတင်းပေးတင်ပြသူက အထောက်အထားဖြင့် သတင်းပေးချက်အရ ဖော်ထုတ်ရရှိခြင်းဖြစ်ပါက -
  - ▪ **သတင်းပေးတင်ပြသူ ⟹ တပ်ရိုက်သည့်ဒဏ်ကြေးငွေ ၏ ၃၀%**
- ➢ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက -
  - ▪ **မြို့နယ်အခွန်ဦးစီးဌာနမှူး ⟹ တပ်ရိုက်သည့်ဒဏ်ကြေးငွေ ၏ ၃၀%**

❖ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းပြုမည်မဟုတ်ပါ။

## ကျေးဇူးတင်လွှာ

❖ မိမိတို့တင်သွင်းလာသည့် လက်ကိုင်ဖုန်းများကို သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပြည့်စုံကျနစွာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးပါသော တင်သွင်းဖြန့်ချိသည့်လုပ်ငန်းရှင်များ၊ ရသင့်ရထိုက်သည့်အခွန်များကို နိုင်ငံတော်ကရရှိစေရန် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြပါသော ပြည်သူများ၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံမိုဘိုင်းလုပ်ငန်းရှင်များအသင်းအား အထူးကျေးဇူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အသေးစိတ်သိရှိလိုပါက-** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊အမှတ်-၁၂၈/၁၃၂(ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## လက်ကိုင်ဖုန်း(Handset) များနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ / ဝန်ဆောင်မှုဆောင်ရွက်ခြင်းအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ





၂၀၀၈ ခုနှစ် ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ
ပေးဆောင်ရမည့်အခွန်အကောက်များကို
ပေးဆောင်ရန် တာဝန်ရှိသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန၊**
**ရုံးအမှတ်(၄၆)၊ နေပြည်တော်**
**https://www.ird.gov.mm**

**“ Tax by the Law, Service by our Heart ”**